
# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)

## ဆပ်ပြာနှင့်ရေကို အသုံးပြု လက်ဆေးခြင်းဖြင့်ကာကွယ်ပါ


## ကိုရိုနာ ဗိုင်းရပ်စ် ဆိုတာ ....

COVID-19 ရောဂါခံစားနေရသူ နှာချေချောင်းဆိုးရာမှ ထွက်လာသော အစက်အမှုန်တွေမှာပါတဲ့ ဗိုင်းရပ်စ်ပိုးတွေက အနီးဝန်းကျင်မှာရှိနေတဲ့ အရာဝတ္ထုတွေပေါ်ကို ကျရောက်ပါတယ်။ ဗိုင်းရပ်စ်ပိုးကပ်တင်ကျန်နေတဲ့ အရာဝတ္ထုတွေကို ကိုင်တွယ်မိတဲ့အခါ လက်မှာရောဂါပိုးတွေ ကပ်ပါလာတတ်ပါတယ်။ အဲဒီ လက်နဲ့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ ကိုင်တွယ်ထိတွေ့ခြင်းဖြင့် ရောဂါကူးစက်ခံရနိုင်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကို အပေါ်ယံ အဆီမျက်နှာပြင်နဲ့ ဖုံးအုပ်ထားပါတယ်။





## ဆပ်ပြာဆိုတာ ...


ဆပ်ပြာမော်လီကျူးသည် ထိပ်ဖူးပါပင်အပ်နဲ့တူ၍ ရေတွင်ပျော်ဝင်နိုင်သောအပိုင်း (ထိပ်ဖူး) နဲ့ အဆီတွင်ပျော်ဝင်နိုင်သောအပိုင်း (အမြီး) ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။





## ဆပ်ပြာနဲ့ ဗိုင်းရပ်စ် တွေ့တဲ့အခါ ...

ဆပ်ပြာမော်လီကျူးရဲ့အမြီးပိုင်းက ဗိုင်းရပ်စ်အဆီမျက်နှာပြင်ကို ထိုးဖောက်ဝင်ရောက် ကပ်ငြိပြီး ရေတွင် ပျော်ဝင်နိုင်သော မော်လီကျူး အစုအဝေးငယ် (Micelles) များအဖြစ်ပြောင်းလဲစေပြီး စက္ကန့် (၂၀) ခန့် အကြာမှာ ဗိုင်းရပ်စ်ကို အပိုင်းပိုင်းပျက်စီးသေဆုံးသွားစေတယ်။







ဆပ်ပြာမြှုပ်နဲ့ရောနေတဲ့ ဗိုင်းရပ်စ် အပိုင်းအစတွေပါတဲ့ မော်လီကျူးအစုအဝေးငယ် (Micelles) များကို ရေနှင့်လောင်းချ ဆေးကြောလိုက်တဲ့အခါ **ကိုရိုနာဗိုင်းရပ်စ်ကင်းစင်သောလက်တစ်စုံကိုရပြီပေါ့။**

24.3.2020

**ဆပ်ပြာနဲ့ရေကိုဦးစားပေးအသုံးပြုပြီး အနည်းဆုံး စက္ကန့် (၂၀) ခန့် စနစ်တကျ မကြာခဏ လက်ဆေးခြင်းဖြင့် မိမိကိုယ်တိုင်ကိုရော၊ မိမိပတ်ဝန်းကျင်ကိုပါ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) အန္တရာယ်မှ ကာကွယ်ပါ။**

COVID-19

အသေးစိတ်သိရှိနိုင်ရန် ဤ QR Code ကို Scan ဖတ်ပါ

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန